# ပုလဲဝတ်ဆင်ထိန်းသိမ်းရာတွင်လိုက်နာသင့်သည့်အချက်များ

၁။ ပုလဲအားပွတ်ခြစ်ခြင်းမှကာကွယ်ရန် မာကျောသော စိန်၊ရွှေ စသည့်ရတနာများနှင့် အတူမထားရပါ။

၂။ ထိုက်သင့်သောလေထုနှင့် စိုထိုင်းဆရှိသည့်နေရာ၌ သိမ်းဆည်းသင့်ပါသည်။ လေလုံသောမီးခံသေတ္တာအတွင်းထားပါက ရေဖန်ခွက်ထားပေးရမည်။

၃။ သန့်စင်သောရေကိုအသုံးပြုပြီး၊ နူးညံ့စွတ်စိုသောအဝတ်ဖြင့်ပွတ်၍အဝတ်ခြောက်နှင့်ပွတ်တိုက်ခြင်းဖြင့် သန့်ရှင်းရေးပုံမှန်ပြုလုပ်ပေးပါ။

၄။ ရေနွေးဖြင့်ဆေးကြောသန့်စင်ခြင်း၊ ဓါတ်ရောင်ခြည်ဖြင့် သန့်ရှင်းရေးပြုလုပ်ခြင်း မပြုရ။

၅။ ပုလဲဝတ်ဆင်မည့်သူသည် ဆံပင်ဖျန်းဆေး၊ ရေမွှေး၊ မိတ်ကပ်များ ဦးစွာဖျန်းပြီးမှ ပုလဲဝတ်ဆင်ရမည်။

၆။ ရေမွှေးနှင့်ချွေးတို့သည် ပုလဲအားပျက်စီးစေတတ်၍ ဝတ်ဆင်ပြီးတိုင်း သန့်ရှင့်ရေး ပြုလုပ်ပေးပါ။

၇။ ပုလဲသည် အက်ဆစ်များ၊ ပြင်းထန်သောဓါတုပစ္စည်းများနှင့် လုံးဝထိတွေ့မရပါ။

၈။ ပုလဲဝတ်ဆင်၍ရေကူးခြင်း၊ချက်ပြုတ်ခြင်း၊ပန်းကန်ဆေးခြင်းတို့ကို မပြုလုပ်သင့်ပါ။

၉။ ပုလဲသည် စိန်၊ကျောက်တို့ကဲ့သို့ မာကျောမှုမရှိ၍ ဆပ်ပြာရည်၊ သွားပွတ်တံတို့ဖြင့် ပွတ်တိုက်ပြီးသန့်ရှင်းရေးမလုပ်ရပါ။

၁၀။ ပုလဲအတွက်သီးခြားထုတ်သန့်စင်ဆေးရည်ဖြစ်သည့်တိုင် Luster မှေးမှိန်၍အစက်အပြောက်များဖြစ်စေနိုင်သဖြင့် ဆေးရည်၏အမှာစာအား သေချာစွာဖတ်ရမည်။